

## ကမ္ဘာ့အံ့ဖွယ် ၇-သွယ် ရွေးချယ်မြိတ်ကျွန်းစု

မြန်မာပြည်တောင်ပိုင်း  တနင်္သာရီတိုင်းဝယ်
မှုန်မှိုင်းလွမ်းဖွယ် အလွန်တင့်တယ်သည့်
ရေလယ်ကုန်းတခု  မြိတ်ကျွန်းစုဟု
ခေါ် ပြု တွင်ကျယ်  သာမောဖွယ်။

ဤကျွန်းစုဝယ်
ဆန်းကြယ်အံ့မခန်း ငါးမန်းများပင်
ယဉ်ပါးခုံမင် လူနှဲ့ခင်သတဲ့။

နိုင်ငံရပ်ခြား  ရေငုပ်သမားပင်
ငါးမန်းနှင့်တူယှဉ်  စိတ်ကူးယဉ်၍
ဓါတ်ပုံများပင် ရိုက်ခဲ့သည်။

ကမ္ဘာတွင်ရှားပါး ရေသတ္တဝါများလဲ
လူးလားစုဆုံ လှမျိုးစုံ၏။

သတ္တလောက  သဘာဝ အတိုင်း
မြင်ရ တွေ့ရ ပျော်မွေ့ကြသည့်
ငြိမ်းချမ်းလှသောကမ္ဘာတည်း။

ဒိုင်ဗင်သမားပင်  ခုံမင်ရောက်လာ
ဤနေရာကို
ကမ္ဘာတွင်အကောင်းဆုံး **Diving Site** တဲ့။

ကမ္ဘာ့ အံ့ဖွယ်  ခုနစ်သွယ်
ရွေးချယ်ဖို့ရန် အချိန်တန်လှာပြန်ပြီ။

**www.new7wonder.com**

ဤ **website** ထဲတွင် အမြန်ဝင်၍
**Asia Mergui Archipelago ( Myanmar )**ကို
ရွေးချယ်မနှေး ရေးမှတ်ပေးလျှင်
နိုင်ရေးကေန် အောင်ပွဲခံမည်
မျိုးမာန်ဇာတိပြကြလော့။

ကိုကိုအောင်(ဆန်ဖရန်စစ္စကို)
ဇွန် ၄ ၂၀၀၉